
SAMPLE BOOK


# လက်တွဲ မဖြုတ်ကြေး



သက်ဝါးရွှေစင် (THSS)

mgyoe.com

mgyoe.com
SAMPLE BOOK




mgyoe.com

mgyoe.com SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၁၄၄)

ပုံနှိပ်မှတ်တမ်း



**သက်ထားရွှေစင်(THSS)**

လက်တွဲမဖြုတ်ကြေး


| | |
|---|---|
| ထုတ်ဝေသည့်အကြိမ် | ♦ ပထမအကြိမ်၊ ၂၀၂၅ ခုနှစ်၊ ဧပြီလ |
| မျက်နှာဖုံးဒီဇိုင်း | ♦ **Luno** |
| အတွင်းဒီဇိုင်း | ♦ နိုင်ဝင်ထွန်း |
| ထုတ်ဝေသည့်အုပ်ရေ | ♦ ၅၀၀ |
| စာအုပ်တန်ဖိုး | ♦ ၅၀၀၀ ကျပ် |
| ထုတ်ဝေသူ | ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ)<br>အမှတ် ၃၀၈၊ သဘော်ကျင်း ၂ လမ်း၊<br>သဘော်ကျင်းရပ်ကွက်၊ ဒေါပုံမြို့နယ်။ |
| ပုံနှိပ်သူ | ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃)<br>အမှတ် ၁၁၊ ၅၆ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | ♦ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊<br>ပန်းဆိုးတန်း လမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနောက်ရထားကြား၊<br>ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀ |

သက်ထားရွှေစင် (THSS)
လက်တွဲမဖြုတ်ကြေး / သက်ထားရွှေစင်(THSS)။ ရန်ကုန်
စာရိပ်မြိုင်စာပေ။ ၂၀၂၅။
စာမျက်နှာ - ၉၆၊ ၁၃. ၂၀ စင်တီ × ၁၈. ၂၀ စင်တီ
(၁၄၄) လက်တွဲမဖြုတ်ကြေး


mgyoe.com

mgyoe.com SAMPLE BOOK

တမှာစာ

ချစ်ခြင်းမေတ္တာစစ်မှန်ရင် လူတစ်ယောက်ကို အမြဲအေးချမ်းစေပြီး ပေါ့ပါးစေတယ် ပျော်စေတယ်တဲ့။

နူးညံ့သိမ်မွေ့တဲ့ ချစ်ခြင်းမေတ္တာတွေ လွှမ်းခြုံထားတဲ့ ရပ်ဝန်းလေးကနေ ကြိုဆိုပါတယ်။

စာစုလေးတွေဖတ်ပြီး တစ်စုံတစ်ယောက်ကို သတိရမိသွားရင် သတိရမိခဲ့ရင် အဲ့ဒီလူကိုလည်း ပြန်ပြီး ပြုံးပျော်အောင်လုပ်ပေးဖို့ မမေ့ပါနဲ့လို့ မှာပါရစေရှင့်။

သက်ထားရွှေစင်(THSS)

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

၁

---

ငါ့ကမ္ဘာမှာ အရာအားလုံး ပြောင်းလဲသွားတယ်။
ဟိုးအရင်ကလို တစ်ခုခုမဖြစ်လာသေးခင်
ကြိုတွေးစိုးရိမ်နေတတ်တဲ့သူ မဟုတ်တော့ဘူး။
ဘာပဲဖြစ်လာလာ အားလုံးကို ငါအေးအေးဆေးပဲ
ရင်ဆိုင်နိုင်စွမ်းတွေ ရှိလာတယ်။
အရမ်းနုလွန်းတဲ့ စိတ်အခြေအနေတွေဟာလည်း
အဝေးကို လွင့်သွားပြီ။
ဒါတွေအားလုံး ဘယ်ကနေစလဲ ဆိုရင်
အဲ့ဒီ ကြင်ကြင်နာနာ ဂရုစိုက်လွန်းတဲ့ မျက်ဝန်းတစ်စုံပိုင်ရှင်
လူသားနဲ့ အစပြုခဲ့တာပဲ။

mgyoe.com

mgyoe.com

SAMPLE BOOK



သူက ငါ့ကမ္ဘာကို ပိုကောင်းတဲ့အရာတွေဘဲ သယ်ဆောင်လာတယ်။
ငါ့ရဲ့နေ့ရက်တွေဟာ သူနဲ့ရှိနေမှ ပိုတောက်ပလာတယ်။
ပြန်ပြီး မစိမ်းလန်းနိုင်တော့ဘူးလို့ထင်ခဲ့ရတဲ့ ငါ့ကမ္ဘာကို
ပြန်ပြီး အသစ်တဖန် စိမ်းလန်းစိုပြေလာအောင်
သူက နေရောင်ခြည်နဲ့တူတဲ့ နွေးထွေးမှုတွေပေးတယ်။
အဲ့ဒီလို လူသားက ငါ့ကမ္ဘာရဲ့
အကြီးမားဆုံး အကာအကွယ် ဖြစ်လာတယ်။
ပြီးတော့ ငါ သူ့ကို သေချာပေါက်ချစ်တယ်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

၂

—

တစ်လောကလုံးနဲ့ ယှဉ်လာရင်လည်း မင်းကိုပဲရွေးမယ်။
မင်းကြောင့်ပဲ ငါ့ကိုယ်ငါ ပြောင်းလဲနိုင်ခဲ့တာဖြစ်ပြီး
မင်းကပဲ နေ့ရက်တိုင်းမှာ ငါဆက်ပြီးနေချင်တဲ့
အကြောင်းပြချက် တစ်ခုဖြစ်တယ်။
ဘာဖြစ်ဖြစ် မင်းကိုပဲ ချစ်မယ်။
ချစ်ဖို့ မလွယ်ကူတဲ့သူမို့ ငါ့အချစ်အကုန်လုံးက
မင်းတစ်ယောက်ထဲမှာပဲ ကမ္ဘာတည်သရွေ့ရှိနေလိမ့်မယ်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

၃

—

ဒီအခြေအနေ ဒီနေရာထိ ရောက်ခဲ့ပြီးမှ
ငါမင်းကို လက်မလျှော့နိုင်ဘူး။
မတွေ့ရတဲ့အချိန်တွေကို
အလွမ်းတွေနဲ့ အစားထိုးမယ်။
မင်းကချစ်နေပေးပြီး
ငါက မင်းထက် ပိုချစ်ပေးနိုင်အောင်
ကြိုးစားပါ့မယ်။

◆◆◆

mgyoe.com

mgyoe.com
SAMPLE BOOK

၄

—

ဘာပဲဖြစ်ဖြစ် မင်းကိုပဲလိုတယ်။
မင်းကိုပဲအနားမှာထားချင်တာ
မင်းနဲ့ပဲရှိနေချင်တာ
မင်းနဲ့ပဲ အချိန်တွေကုန်ချင်တာ
အစကနေ အဆုံးအထိ
ကိုမင်းနဲ့ပဲ ဖြတ်သန်းချင်တာ
မင်းက ငါ့ကမ္ဘာရဲ့ မရှိမဖြစ်လေးပါ။
ငါ့ရဲ့ကမ္ဘာက မင်းမရှိလို့ မဖြစ်တော့တာပါ။
တစ်နေ့တစ်နေ့ ပိုပိုပြီး တွယ်လာခဲ့ရင်း
မင်းကိုပဲ တစ်သက်လုံး အနားမှာ ရှိနေစေချင်တာပါ။

♦ ♦ ♦

mgyoe.com

mgyoe.com
SAMPLE BOOK


# ၅

သူက မျက်ရည်တွေကျနေချိန်
မခြောက်ခင် တိတ်အောင်
လုပ်ပေးနိုင်တဲ့သူ ဖြစ်ပါတယ်။
ဘယ်တုန်းကမှ သူ့ကြောင့်
မျက်ရည်မကျအောင်ထားတတ်ပြီး
စိတ်အဆင်မပြေကြုံလို့ ငိုနေရင်တောင်
သူက သိပ်ခံစားရပါတယ်တဲ့။
သူက ငါ့ကို
အမြဲပျော်စေချင်တာလို့ ပြောဖူးတယ်။

♦ ♦ ♦

mgyoe.com

mgyoe.com
SAMPLE BOOK

# ၆

—

မင်းကို စသိပြီးကတည်းက
ကိုယ်စာရေးတဲ့လောကကြီးကို ရောက်လာပုံများ အခုထိပဲ။
အဲ့ဒီလူသားကြောင့် ကိုယ်အများကြီး
အရင်ကနဲ့ လုံးဝကို မတူတော့တာဘဲ။
မနက်ခင်းတွေ အစပြုချိန်ကတည်းက
မင်းကို စလွမ်းရတာ
ဟိုး ညနေခင်း အိမ်ပြန်ချိန်တွေအထိပဲ
မင်းအတွက်ရေးတဲ့စာတွေ၊ ကဗျာတွေကို
ဘယ်တော့မှ အဆုံးမသတ်နိုင်ဘူး
ဘာကြောင့်လဲဆို
မင်းက ငါ့အတွက် အဆုံးသတ်မရှိတဲ့ နာမ်စားလေးမို့...။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK


# ၇

—

ချစ်လှပါတယ် ဆိုတဲ့ ခေါင်းစဉ်တွေအောက်မှာ
ရေးတဲ့စာတိုင်းဟာ
သူ့နာမည်ကိုပဲ ထပ်ကာထပ်ကာ ခေါ်မိဖို့
ကြားယောင်နေတယ်။
တကယ့်ချစ်ခြင်းမေတ္တာဟာ ဘာလဲလို့
ကိုယ့်ဘာသာမေးမိတဲ့အခါ
မင်းအကြောင်းကိုပဲ စတွေးဖြစ်တယ်
အချစ်ကဗျာတွေ ရေးလှချည်လားလို့
သူငယ်ချင်းတွေက မေးကြတဲ့အခါ
ကိုယ်က ပြုံးပြီးတော့
ကိုယ့်လူကြီးရဲ့အကြောင်းကို ပြောပြခဲ့သေးတာ။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

၈

—

ငါဟာ မင်းနဲ့မတွေ့ခင်အထိ ငါ့ဘဝကို ထပ်ပြီး မချစ်တော့ဘူး ဆိုပြီး
ဆုံးဖြတ်ချက်တွေ ချနေရင်း အထီးကျန်စွာဖြတ်သန်းလာခဲ့တာ
အမှောင်ထဲမှာပဲ နေချင်ခဲ့တဲ့ ကာလတွေကြားမှာ
ကိုယ့်နေရာကို အလင်းရောင်တစ်ခုလုံး လာပေးမယ့်
မင်း ရောက်လာမယ်လို့ ဘယ်သူကများ ထင်မိမလဲ။
အေးစက်စက်နဲ့ အနွေးဓာတ်မရှိတဲ့ အချိန်တွေ၊ ကာလတွေကြားမှာ
ငါဟာ ဘာကိုမှ မကြောက်သလိုနဲ့ ခပ်ချေချေနေလာခဲ့တာများ
နွေးနွေးလေးနဲ့ ထွေးပွေ့ပေးမယ့်
မင်း ရောက်လာမယ်လို့ ငါ ဘယ်ထင်မလဲ။
အဲ့ဒီအတွက် လက်လွှတ်မခံချင်ပါဘူး
အလင်းရောင်မရှိတဲ့ ကမ္ဘာကို ကြယ်တစ်ပွင့် ရောက်လာသလိုမျိုးပဲ။
မင်းက ငါ့ရဲ့ အဖိုးတန်ကြယ်တစ်ပွင့်ပဲ။
♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK


# ၉

လှလှပပ နေထွက်တဲ့ မနက်ခင်းတိုင်း
ငါ မင်းအနားမှာ ရှိနေချင်တယ်။
မောနင်းပါ လို့ပြောရင်း
ကိုယ်တို့ နှစ်ယောက်ပဲရှိမယ့် ကမ္ဘာမှာ အခြေချချင်တယ်။
ရန်တွေဖြစ်ကြလို့ ရတယ်၊ ငါတို့ မခေါ်မပြောဘဲနေလို့ရတယ်
ဒါပေမဲ့ အချစ်ရယ်
ပြဿနာတွေတက်တိုင်း လက်တွဲဖြုတ်ပစ်ဖို့တော့ မတွေးလေနဲ့။
ခက်ခဲတဲ့ ပြဿနာတစ်ခုဆိုတောင် ငါတို့ လက်တွဲမဖြုတ်ကြေး။
တစ်ယောက်ရဲ့စိတ်အခြေအနေတွေကို တစ်ယောက်က
အဆုံးစွန်ထိ ကိုယ်တို့ နားလည်ပေးကြည့်ရအောင်
တစ်ယောက်က ငိုချင်နေတဲ့အခါ တစ်ယောက်က
အလိုက်တသိ ရင်ခွင်ထဲမှာ ဝှက်ပြီး ငိုခွင့်ပေးလိုက်ပါ
ချစ်လားဆိုတဲ့ စကားတွေ ကိုယ်တို့ ခဏခဏ မမေးကြရအောင်

mgyoe.com

SAMPLE BOOK

ချစ်တယ်ဆိုတဲ့ ထင်ရှားတဲ့ အပြုအမူတွေနဲ့
ကိုယ်တို့နှလုံးသားတွေ နွေးထွေးနေကြတာပဲ မဟုတ်လား။
ညနေခင်း အိမ်ပြန်ရှုခင်းတွေကို မင်းနဲ့ပဲကြည့်ချင်တယ်ဆိုပြီး
ကိုယ့်ကို အနောက်ကနေ ဖက်ထားပေးပါ။
ကိုယ်ကပြန်ပြီး နွေးထွေးပေးပါ့မယ်။
ဒါဆို ကိုယ်တို့ အဆင်မပြေစရာ၊ ပြတ်သွားစရာ
အကြောင်းပြချက်တွေရောဆိုတဲ့ သံသယတွေမဖြစ်ပါနဲ့။
မဝေးပါဘူး။
မင်းသာ မပြေးရင် ကိုယ်က ဒီနေရာမှာပဲ ရပ်နေမှာမို့ မင်းလည်း
ဒီနေရာမှာပဲ ရပ်နေမယ်ဆို
အဆုံးမှာ ငါတို့ဟာ
အချင်းချင်း ပိုင်ဆိုင်နိုင်ကြလိမ့်မယ် ချစ်သော...။
♦ ♦ ♦

mgyoe.com

mgyoe.com
SAMPLE BOOK


# ၁၀

"မင်းကို တန်ဖိုးထားတယ်" တဲ့
ဒါဟာ ချစ်တယ်ဆိုတဲ့စကားထက် အများကြီး လေးနက်သွားပြီ
မဟုတ်လား။ သူဟာ ငါ့ကို မငိုစေရဖူး လို့ မပြောဖူးပေမယ့်
သူ့ကြောင့် ပျော်ရတာပိုများလား၊ ငိုရတာပိုများလား လို့မေးဖူးပါတယ်။
ဒါဟာ သူ ငါ့အပေါ် ငိုအောင်တစ်ခါမှ မလုပ်ဖူးဘူးဆိုတဲ့
ယုံကြည်ချက်မျိုးရှိလွန်းလို့ မေးရဲတဲ့မေးခွန်းပါ။ အမှန်တကယ်လည်း
တစ်ခါမှ စိတ်ဆင်းရဲအောင် မလုပ်ခဲ့ဖူးတဲ့ သူတစ်ယောက်ပါ။
ငါသူ့ကြောင့် ပျော်နေခဲ့ရတာ အများဆုံးဘဲ။ စိတ်ညစ်ပြီး
တော်တော်စိတ်ဓာတ်ကျသွားရတယ်ဆိုတာမျိုး မရှိခဲ့ဖူးဘူး။
အမြဲတမ်း ကာကွယ်ပေးတတ်ပြီး ငါ့ရဲ့စိတ်အခြေအနေတွေအားလုံးကို
လက်ခံပေးနိုင်တဲ့ ပထမဆုံးလူသားဘဲ။ အမြဲတမ်း ယုံကြည်စိတ်ချ
ရတယ် ဆိုတဲ့ခံစားချက်မျိုးကို သူကပေးတယ်။ ကြင်ကြင်နာနာလေးတွေ
ဆက်ဆံပေးတတ်ပြီး တယုတယ ကိုယ့်ရဲ့အသေးစိတ်လေးတွေကို

mgyoe.com

SAMPLE BOOK

လိုက်မှတ်သားပေးခဲ့တဲ့ လူသားပါ။
ကိုယ့်ရဲ့ Darkside တွေကနေ Brightside တွေအထိ အကုန်
ကိုယ့်ထက်သိနေတာမျိုးပါ။ စာဖတ်ရတာ အရမ်းမကြိုက်တဲ့သူက
ငါရေးတဲ့စာတွေကို တလေးတစား ဖတ်ပေးတယ်။
ငါ့သူ့အတွက်ဆိုပြဖူးတဲ့ သီချင်းတွေကို သေသေချာချာ
နားထောင်ပေးတယ်။ ငါပြောပြတဲ့ အိပ်မက်တွေကို ဂရုတစိုက်
နားထောင်ပေးတယ်။ ပြဿနာသေးသေးလေးဖြစ်လာရင်
လူကြီးဆန်ဆန် ဖြေရှင်းသွားတာလေးတွေ
စကားနားမထောင်ရင် လူကြီးတစ်ယောက်လို ဆုံးမနေတာတွေ
ပင်ပန်းပြီး စိတ်ညစ်ရတဲ့နေ့တွေမှာ သူက "အဆင်ပြေရဲ့လား
ကိုယ်ရှိတယ်နော်"ဆိုတဲ့စကားမျိုး သိပ်ပြောတာ။ ငါ့ရဲ့တစ်နေ့တာကို
အိမ်ပြန်ချိန်တွေမှာ စိတ်ပူပေးတတ်ပြီး "ဒီနေ့အဆင်ပြေရဲ့လား
ဘာတွေဖြစ်ခဲ့လဲ" ဆိုတဲ့ အလေးထားမှုတွေ၊ တစ်ခါတစ်လေ
ဘာမှမဟုတ်တဲ့ ကိုယ့်ရဲ့စိတ်အလိုမကျမှုတွေကြောင့် သူ့အပေါ်
ရစ်သလိုဖြစ်မိတောင် သူကပဲ ပြန်ချော့တတ်ပြီး မငြိုငြင်တတ်ခဲ့သူ။
သူ ငါ့ကို ကြည့်တဲ့အကြည့်တွေထဲမှာ
ဘယ်လောက်ထိ စစ်မှန်လဲဆိုတာ ငါခံစားရတယ်။
ငါ့အပေါ် စိတ်လုံခြုံမှုဆိုတဲ့ အကာအကွယ်တွေ အပြည့်အဝပေးတယ်
သူက ကိုယ့်ရဲ့ Comfort zone တစ်ခုဖြစ်လာတဲ့အခါ
အဲ့ဒီလူသားကို လက်လွှတ်မခံပါနဲ့တဲ့
ကိုယ် မင်းကို ထပ်ပြီးလည်း လက်လွှတ်မခံနိုင်တော့ပါဘူး။
ကိုယ် မင်းကို သိပ်ချစ်တာပဲကွယ်။
ဒါဟာ ကိုယ်တို့ရဲ့အဆုံးသတ်ထိ သွားနိုင်တယ်ဆိုရင်
ဘာတွေဖြစ်လာဖြစ်လာ
အဆုံးထိ ရင်ဆိုင်ကြည့်ဖို့ ဆုံးဖြတ်ထားတယ်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK



၁၁

—

နူးနူးညံ့ညံ့တွေ သိပ်မလုပ်ချင်တဲ့လူက
ကိုယ့်အပေါ်တော့ သိပ်ကိုနူးညံ့ကြင်နာနေပြီး
ဘာမှ ဂရုမစိုက် အေးစက်စက်နေတတ်တဲ့သူက
ငါ့ကိုတော့ တစ်ခါမှ ပစ်မထားခဲ့တာဘဲ။
မချစ်ပြတတ်ပါဘူးဆိုတဲ့ လူသားက
ကိုယ်နဲ့ကျ ဘယ်သူမှ လိုက်မမီအောင် ချစ်ပေးရှာတယ်။
ဒီတာ မမြင်ချင်လို့ ပျော်အောင်ထားပါတယ်တဲ့။
နောက်လည်း ပိုပျော်စေရမှာပါတဲ့။
သူကလေ သိပ်ကိုချစ်ဖို့ကောင်းတယ်။
စကားလုံးတွေထက် သူ့အပြုအမူတွေနဲ့ချည်း
ငါ့ကို သိပ်ချစ်ကြောင်းသက်သေပြတာ။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

၁၂

—

ငါ့အနားမှာ ကြာကြာ
ဘယ်သူမှမနေနိုင်ဘူးလို့
ငါ သူ့ကို ဝန်ခံဖူးတယ်။
သူက ပြုံးနေတယ်။
ကိုယ်တော့ မပါဘူး ဆိုတဲ့
မျက်ဝန်းတွေ၊ အပြုံးတွေနဲ့...။

♦♦♦

mgyoe.com

mgyoe.com
SAMPLE BOOK


# ၁၃

သိပ်ကိုချစ်ရပါသော အမျိုးသားလေးရေ
သံသရာအဆုံးအထိ ဒီလက်ကိုပဲ တွဲသွားချင်ပါတယ်။
အမြဲတမ်းအတွက် မင်းကိုပိုင်ဆိုင်ထားရလို့
ကျေးဇူးတင်တယ်နော်။ အပိုလေး ထပ်ဆောင်းပါရစေဦး။
မင်းရှိမှ ပြည့်စုံနေတာကွယ်။
ကိုယ့်ဘဝက မင်းနဲ့မှ ပိုကောင်းလာခဲ့တာ
မင်းက ကိုယ့်ရဲ့ ဘယ်သောအခါမှ
လက်မလွှတ်နိုင်တဲ့အချစ်ပဲ။
ဘယ်သောအခါမှ တစ်သက်တာလွမ်းနေဖို့
မထိုက်တန်တဲ့ ချစ်ခြင်းမျိုးပဲ။
ဒါကြောင့် အဆုံးထိ ပါ
အဆုံးထိ...။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

၁၄

—

ဘယ်သူ့ကိုမှ
ထပ်မလိုချင်တော့ဘူး။
လိုလည်း မလိုအပ်ဘူး။
ငါ့ကမ္ဘာနဲ့လောကမှာ
သူ ရှိရင် ရပြီ။
အခြားလူ၊ နောက်ထပ်လူဆိုတာ
တွေးကြည့်လို့တောင်မရ။

♦ ♦ ♦

mgyoe.com

mgyoe.com
SAMPLE BOOK


၁၅

—

အေးတိအေးစက်နေရတာကြုံကြိုက်တဲ့ ငါက သူ့ကိုကျ
နွေးထွေးလွန်းလိုက်တာ သူ့ကိုဆို အမြဲတမ်း ရယ်ပြုံးနေစေချင်ပြီး
အစစအရာရာ အဆင်ပြေစေချင်ခဲ့တာ သူကလည်း
သိပ်သဘောကျဖို့ကောင်းစွာပဲ ငါ့အတွက် အချစ်ဆိုတဲ့
ဖြစ်တည်မှုအပြင် အကောင်းဆုံးသူငယ်ချင်းပါ ဖြစ်နေပြန်တယ်။
တစ်ခါတလေ သူ့အကြောင်းတွေ တွေးမိရင် မျက်ရည်ဝဲတက်လာပြီး
ရင်ထဲမှာကြည်နူးရတဲ့ ပျော်ရွှင်မှုဟာ ဘာနဲ့မှ မလဲလိုက်နိုင်ဘူး။
ငါ သူ့ကို ပိုချစ်လာတာနဲ့အမျှ ငါသူ့လိုလူကို
လက်လွှတ်ဆုံးရှုံးရမှာလည်း သေမလောက် ကြောက်လာပါတယ်။
သူနဲ့သာ ခွဲရရင် ငါဘယ်တော့မှ နောက်ထပ်လူတွေကို
ထပ်ပြီး နီးနီးကပ်ကပ်လည်းနေမှာမဟုတ်တော့သလို
အရင်တစ်ချိန်ကလို အချစ်မရှိဘဲ အချစ်မလိုပါဘူးဆိုတဲ့
ခပ်ချေချေနဲ့ လွှမ်းရင်း ဘဝမှာ သိပ်ချစ်ရတဲ့

mgyoe.com

mgyoe.com
SAMPLE BOOK

အချစ်ရဆုံးတစ်ယောက်ရှိခဲ့ကြောင်း
သူကလွဲပြီး ထပ်မချစ်နိုင်တော့ကြောင်း
စာတွေတစ်သီကြီး ထိုင်ရေးမှာ။
နည်းနည်းတော့ အထီးကျန်မှာပေါ့။ အမှတ်တရတွေ
ခေါင်းထဲပြန်ဝင်လာရင်း ညသန်းခေါင်တွေ
သူ ငါ့အနားမရှိတော့ဘူးဆိုတဲ့ အိပ်မက်ဆိုးတွေနဲ့ လန့်နိုးလာမှာ။
အလုပ်တွေကြိုးစားရင်း ညနေစောင်းနေဝင်ချိန်တွေ
သူ့အကြောင်းတွေ အစကနေပြန်တွေးပြီး
ငိုရမယ့်ညနေတွေလည်းရှိမှာပေါ့
စိတ်လွတ်ကိုယ်လွတ် အရက်တွေသောက်ပြီး
အမူးလွန်တဲ့အခါ သူငယ်ချင်းတွေကို
သူ့ကို ဘယ်လောက်ချစ်ရကြောင်း ပြောပြမိဦးမယ်ထင်တယ်။
♦ ♦ ♦

mgyoe.com

mgyoe.com
SAMPLE BOOK


၁၆

—

ဘယ်အတိုင်းအတာတွေအထိ
အခြားသူစိမ်းတစ်ယောက်ကို ချစ်ဖူးလဲ
ငါကတော့ ပထမဆုံး အဲ့လိုချစ်ဖူးတာဖြစ်ပြီး
သူနဲ့နေရရင် သိပ်ပျော်တာ စကားလုံးတွေထက်
လုပ်ရပ်တွေနဲ့ သက်သေပြတဲ့သူပါ။
အဲ့ဒီအမျိုးသားက အချစ်အကြောင်း
အများကြီး သင်ပေးခဲ့တဲ့သူပါ။
ကိုယ့်ရဲ့နေ့ရက်တွေအကြောင်းပြောပြရင်
ဂရုတစိုက် နားထောင်ပေးတဲ့သူပါ။
သူ့ကိုပြောပြတဲ့ အကြောင်းအရာ
သေးသေးမွှားမွှားလေးတွေကအစ မှတ်မိနေပေးတဲ့သူပါ။
ဘယ်လိုလုပ်ရပ့်ါမလဲ ဒီထပ်များချစ်မိရင်လည်းကွယ်...။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

၁၇

—

မင်းအပေါ်
တစ်ခါနာကျင်အောင်လုပ်မိရင်
အကြိမ်တစ်ရာ
ပြန်ပျော်ရွှင်အောင်
လုပ်ပေးပါ့မယ်
ငါကိုယ်တိုင် မထင်ထားဘဲ
မင်းအပေါ်
နာကျင်အောင်လုပ်မိရင်
အဲ့ဒါကို
ငါကိုယ်တိုင်ပြန်ပြင်ပါ့မယ်။

♦♦♦

mgyoe.com

mgyoe.com
SAMPLE BOOK


## ၁၈

လူတစ်ယောက် ရှိတယ်။ အချစ်နဲ့ပတ်သက်ပြီး အေးချမ်းခြင်းတွေ၊ ပျော်ရွှင်ရခြင်းတွေပဲ အများကြီးပေးတဲ့ လူတစ်ယောက် ကမ္ဘာပေါ်မှာ ဘာလို့ သူ့ကိုမှ ရှားရှားပါးပါး ရူးရူးမူးမူးချစ်မိလည်းဆိုရင် ငါ့ရဲ့အကြောင်းပြချက်တွေ အားလုံးက သူဖြစ်နေတာကြောင့်လို့ ဖြေလိမ့်မယ်။ တစ်ချိန်က တစ်စုံတစ်ယောက်ကြောင့် အချစ်ကို အဓိပ္ပါယ်မရှိဘူးလို့ ခံယူထားတဲ့ ငါက သူနဲ့ကျ အချစ်ဟာ အဓိပ္ပါယ်ပြန်ရှိလာခဲ့တယ်။ သူက ငါ့ရဲ့နေ့ရက်တွေတိုင်းမှာ ငါ့ရဲ့မကောင်းတဲ့ အကျင့်ဆိုးတိုင်းကို သည်းခံပေးတတ်ခဲ့တဲ့သူပဲ။ ငါနဲ့ပတ်သက်ရင် ငါဘာမှပြောနေစရာမလိုအောင် ငါ့အကြောင်းကို အများကြီး နားလည်ထားတဲ့သူ။ ဘယ်သူများထပ်ရှိဦးမှာလဲ.. သူကလွဲပြီး ဒီတစ်လောကလုံးမှာ ဘာနဲ့မှအစားထိုးလို့မရတဲ့ ကိုယ့်အပေါ် တော်တော်ကောင်းလွန်းတဲ့သူမျိုး။

◆ ◆ ◆

mgyoe.com